# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် တင်သွင်းသည့် အဆိုများ

| စဉ် | တင်သွင်းသူအမည် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင် သည့်နေ့ | ဆုံးဖြတ် သည့်နေ့ | ရှင်းလင်း ဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဦးစိုးမိုး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) | ပြည်သူများယုံကြည်ကိုးစားအားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေး ဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ တရားခွင်တွင် ကျမ်းသစ္စာကို တိကျလေးနက်စွာ ကျိန်ဆိုရေးအဆို | ၂၃-၁-၂၀၁၉ တတိယနေ့ | ၈-၂-၂၀၁၉ (ဒသမနေ့) | ပြည်ထောင်စုတရား လွှတ်တော်ချုပ် တရားသူကြီး ဦးမျိုးတင့် | အတည်ပြု |
| ၂ | ဒေါက်တာပြည့်ဖြိုး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၇) | ၂၀၁၆ ခုနှစ်၊ အမျိုးသားမြေအသုံးချ မူဝါဒ (National Land Use Policy) ရှိသော်လည်း မြေယာစီမံခန့်ခွဲရေးနှင့် မြေအသုံးချရေးတို့ အတွက် မဖြစ်မနေလိုအပ်သော မူဝါဒ၊ မဟာဗျူဟာ၊ လုပ်ငန်းစဉ်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများသည် နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လွန်စွာ အရေးကြီးပါသဖြင့် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်သော အမျိုးသား မြေဥပဒေ (National Land Law) ဖြစ်ပေါ်လာစေရန် အမျိုးသားမြေအသုံးချမူဝါဒကို ပြန်လည်သုံးသပ်၍ မြေယာစီမံ အုပ်ချုပ်မှု၊ အမျိုးသား မြေအသုံးချ မဟာဗျူဟာ၊ ကာလလတ်၊ ကာလရှည် စီမံကိန်း မျှော်မှန်းချက်များအလိုက် လုပ်ငန်းစဉ်များ၊ မူဘောင်များကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို | ၁၄-၂-၂၀၁၉ (၁၂)ရက် မြောက်နေ့ | ၁-၃-၂၀၁၉ (၁၉) ရက် မြောက်နေ့ | သယံဇာတ/ ပတ်ဝန်းကျင် ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ | အတည်ပြု |

| စဉ် | တင်သွင်းသူအမည် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | အဆိုတင် သည့်နေ့ | ဆုံးဖြတ် သည့်နေ့ | ရှင်းလင်း ဖြေကြားသည့်ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|
| ၃ | ဦးလှမြင့်(ခ) ဦးလှမြင့်သန်း မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) | ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ အနေဖြင့် မြေယာ အုပ်ချုပ်ရေး ကဏ္ဍတွင် ပိုမို ထိရောက်စွာနှင့် ရှင်းလင်း လွယ်ကူ မြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် ခိုင်မာမှန်ကန်သော မြေယာ ဆိုင်ရာ အချက်အလက်များရရှိရေး မြေယာ မှတ်ပုံတင် လုပ်ငန်းကို မဖြစ်မနေ ဆောင်ရွက်ရန် လိုအပ်လျက်ရှိရာ ထိုသို့ဆောင်ရွက်ရန် မူလအခြေခံ လိုအပ်ချက်ဖြစ်သည့် တစ်မျိုးတည်းသော မြေပုံစနစ်ဖြင့် မြို့မြေ၊ ရွာမြေနှင့် မြေယာအားလုံးကို ပြုစုမှတ်တမ်းတင် ထားနိုင်ရေး ပြည်ထောင်စုအစိုးရ အနေဖြင့် နိုင်ငံတကာမှ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် ပြည်တွင်း/ ပြည်ပ ပညာရှင်များ၏ အကူအညီ များရယူလျက် တစ်မျိုးတည်းသော မြေပုံစနစ် ပြုစုရေးနှင့် မြေယာမှတ်ပုံတင်ခြင်း လုပ်ငန်းတို့ကို နှစ်ရှည်စီမံကိန်း ချမှတ် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို။ | ၂၀-၂-၂၀၁၉ (၁၅) ရက် မြောက်နေ့ | ၁၃-၃-၂၀၁၉ (၂၄ )ရက် မြောက်နေ့ | စိုက်ပျိုးမွေး/ဆည်မြောင်း ဒုတိယဝန်ကြီး ဦးလှကျော် | အတည်ပြု |